## လေ့ကျင့်ခဏ်း မေးခွန်း

က။ ဘာကြောင့် "သေခိယ"ဟု ခေါ်သနည်း။

ခ ။ သေခိယ ကျင့်ဝတ်များကို မသင်ဘဲနေလျှင် အပြစ်ကင်းပါမည်လော။

ဂ ။ သင်းပိုင်ကို ဝတ်သောအခါ ဒူးဆစ်အောက်၌ ဘယ်လောက်ချပြီး ဝတ်ရမည်နည်း။

ဃ။ သင်းပိုင်ကို ပရိမဏ္ဍလ(ထက်ဝန်းကျင် ဝိုင်းဝိုင်းစက်စက်) ဖြစ်အောင် ဘယ်လိုဝတ်ရမည်နည်း။

င ။ ကောသိကို ပရိမဏ္ဍလဖြစ်အောင် ဘယ်လိုရန်းရမည်နည်း။

စ ။ မြို့ရွာအတွင်းသို့ သွားသောအခါ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့် ညီအောင် ဘယ်လိုသွားရမည်နည်း။

ဆ။ မြို့ရွာအတွင်း၌ ထိုင်သောအခါ သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်နှင့် ညီအောင် ဘယ်လိုထိုင်ရမည်နည်း။

ဇ ။ မြို့ရွာအတွင်း၌ သွားလာနေထိုင်သောအခါ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်နှင့် ညီအောင် ဘယ်လိုသွားရ ထိုင်ရသနည်း။

ဈ။ မြို့ရွာအတွင်း၌ သွားလာနေထိုင်သောအခါ သင်းပိုင်ကောသိကို မြှောက်ပင့်ကောင်းသလော၊ ဘယ်သိက္ခာပုဒ်က မမြှောက် မပင့်ဘို့ရန် တားမြစ်ပါသနည်း။